# ဘာသာပြန်သူ၏အမှာ

အချိန်ကာလတွင် ၎င်း၏သဘောအလိုက် မည်သည့်ကိစ္စခြင်းရာများကိုမဆို အချိန်အလိုက် ပေးစွမ်းနိုင်ခြင်းဆိုသော သတ္တိသဘော ရှိ၏။

ဖြစ်ရပ်တစ်ခုသည် ဖြစ်သင့်ဖြစ်ထိုက်သော အချိန်တွင်သာ စတင်ဖြစ်ပေါ်၍ ၎င်း၏ သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ် သွားတော့၏။

ဖြစ်ရပ်တစ်ခု၏ စတင်ချိန် အခိုက်အတန့်တဒင်္ဂလေး၏ သဘောတရားကို နားလည်ကျွမ်းကျင်သော သိပ္ပံ၊ ဝိဇ္ဇာပညာရပ်ကို မုဟုတ္တာပညာဟု ခေါ်တော့၏။

ထို့ကြောင့်လည်း မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် အချိန်ကို မှန်ကန်စွာ အသုံးချနိုင်ရေးအတွက် -

"ကာလံ ဒေသံ အဂ္ဂ ဓနံ = အချိန် ကာလ နေရာ ဒေသတို့ကိုမှန်ကန်စွာအသုံးချတတ်ခြင်းသည် မြတ်သောဥစ္စာမည်၏"

"ကာလံ မောဃံ န အစ္စရေ၊ အချိန်ကို အချည်းနှီးမကုန်စေရာ"

စသည်တို့ဖြင့် ကျွန်ုပ်တို့လူသားများအား အချိန်၏ အရေးပါပုံကို ထုံးမသင်ကြားပေးခဲ့ခြင်းပင် ဖြစ်၏။

ဤကျမ်းတွင် အခါပေးပညာရပ်နှင့်တကွ အခါပေးပညာရပ်တွင်ပါဝင်သော အစိတ်အပိုင်းများနှင့် ယင်းတို့၏အရေးပါပုံ အနှိမ့်အမြင့် အထူးသဖြင့် ဦးစားပေးခွဲခြားပုံပယ်သင့်ယူသင့်သည်များကို ရှင်းပြပေးသွားသည်မှာ မည်သည့်စာအုပ်တွင်မှ မပါဘူးသည့်အနေအထား ပင်ဖြစ်ပါ၏။

ထို့အပြင် ဤကျမ်းတွင် မူရင်းစာရေးသူသည် ကျမ်းတကာတို့၏ အထွတ်အထိပ်ဟု ဆိုအပ်သော သူရိယသိဒ္ဓန္တကျမ်းနှင့် နှိုင်းယှဉ် ထောက်ပြလျက် နေမင်း၏ ရွေ့လျားမှုနှင့် ပတ်သက်သဲ့ည့်ကိစ္စခြင်းရာများ ဖြစ်ကြသည့် သောရရက်၊ သောရလ၊ သောရ နှစ်၊ သံကြန် စသည်များတွင် သာယနစနစ်ဖြင့်သုံးသင့်ကြောင်းကိုလည်းကောင်း၊ ငါရက်၊ ဟောရာ စသည်တို့တွင် ယမကောဋိ အရှေ့ကျွန်းမှ ကောက် ယူသင့်ကြောင်းတို့ကို လည်းကောင်း၊ ကျမ်းအများနှင့် မတူထူးခြားစွာ ထောက်ပြသွားခဲ့၏။

သို့သော် ဤအချက်များတွင်မှ မျိုးရိုးအလိုက် လေ့လာသင်ယူတတ်မြောက်သုံးစွဲနေကြသော ပညာရှင်များ၊ မိမိကိုပညာလက်ဆင့် ကမ်းရာ ဆရာ၏ ဩဝါဒအတိုင်း ကျင့်သုံးနေကြသော ပညာရှင်အချို့အနေဖြင့် သဘောမတူ လက်မခံ နိုင်ဖွယ် ဖြစ်နိုင်သော အချက်များ လည်း ဖြစ်ကောင်းဖြစ်နိုင်ပါ၏။

မူရင်းကျမ်းပြုသူ၏အကြံပြုထောက်ပြချက်တို့ကို သဘောတူသုံးစွဲခြင်း၊ သဘောမတူလက်မခံနိုင်ခြင်းသည် စာဖတ်သူ၏ လွတ်လပ် ခွင့်သာလျှင် ဖြစ်ပါ၏။





နှစ်ပေါင်း ၄၅၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော သူရိယသိဒ္ဓန္တကျမ်း၊ ခရစ်တော်မပေါ်မီ အနှစ် ၅၀၀ - လွန်ခဲ့သော အနှစ် ၂၅၀၀ က ရေးသားခဲ့သော ဝါရဟာမိဟိရဆရာမြတ်၏ ဗြိဟတ်သံဟိတာကျမ်း၊ မိဟိရဆရာထက် နှစ်အနည်းငယ်မျှစောသော ကာလီဒါသဆရာ၏ ဥတ္တရကာလအမြိတ္တရကျမ်း၊ ၁၆ ရာစုနှစ် မဂိုဘုရင် မဟာအက္ဗာ ဘုရင်မင်းမြတ်လက်ထက်တွင် ဆရာမြတ်နီလကဏ္ဍရေးသားတင်ဆက် ခဲ့သော မုဟုတ္တာစိန္တာမဏိကျမ်း၊ အဆင့်မြင့်မားလှသော ကာလပရကာသိကာကျမ်းတို့မှ ဥပဒေသနည်းမှုများကို အကောင်းဆုံး ပေါင်း တင်ဆက်ထားသောကြောင့် နောက်ပိုးကျမ်းများ၊ နောက်ပိုးနည်းစနစ်များ၊ ဆရာအချို့တို့၏ ဩဝါဒနည်းများ မပါဝင်ရှိပါဘဲလျက်နှင့်ပင် လျှင် အပြစ်ကင်းသောအခါ ရှုနိုင်ရန်မရှိသည်ကို ထက်မြက်သော စာဖတ်သူသည် မြင်နိုင်ပါ၏။ သို့ဖြစ်သော်မှ နိုင်ငံဒေသအသီးသီးတို့တွင် ဒေသအလျောက် ထပ်ကွန့်လာကြခြင်း၊ ခေတ်အဆက်ဆက်တွင် ပေါ်လာကြသော ဆရာတို့က မိမိသဘောအလျောက်ထပ်ထပ်ထည့် သွားတတ်ကြခြင်း၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြင့် နောက်ပိုးထပ်ထည့်သွားကြသော ဥပဒေသတို့မှာမူ အနယ်နယ် အရပ်ရပ်ကွဲပြားလာကြသောအခါ မည်သည်က မူရင်းဖြစ်သနည်း၊ မည်သည်က နောက်ပိုးဖြစ်သနည်း၊ မည်သည်က ပိုအရေးကြီးသနည်း၊ တစ်ခုခုကို အနှာခံဖယ်ထုတ်ရမည်ဆိုလျှင် မည်သည်ကို ဖယ်ထုတ်၍ မည်သည်ကို ဦးစားပေးရမည်နည်းတို့တွင်ပင်လျှင် ရှုပ်ထွေးမှုများ ဖြစ်လာကြတော့၏။

မူရင်းဥပဒေသတို့အရပင်လျှင် အမှတ်ပြည့်ရစေသော ပြည့်စုံသည့် အခါကောင်းရရန် မဖြစ်နိုင်ပါသောကြောင့် အပို၊ အပွားများမပါ စေပဲလျက် ရှေးကျမ်းရင်း စစ်စစ်ဥပဒေသများကို စာရေးသူအနေနှင့် ပြုစုတင်ပြသွားသည်မှာလည်း လေးစားစရာကောင်းလှပါသည်။

အခါပေးစည်းမျဉ်း ဥပဒေသတို့သည်လည်း လူဘောင်လောကတွင် သတ်မှတ်ထားသော ဥပဒေသတို့သဖွယ်ပင် ဖြစ်၏။

ဥပဒေသတို့အား နားလည်ကျွမ်းကျင်သူ တရားဥပဒေအကျိုးဆောင်ရှေ့နေသည် ဖြစ်ပေါ်လာသော အခြေအနေမှ ရထားသည့် ကန့်သတ် အချိန်အတွင်းတွင် ထိုဥပဒေတို့၏ အနှစ်သာရနှင့် ရည်ရွယ်ချက်၊ လိုအပ်ချက်တို့ကို ဉာဏ်မျက်စိဖြင့် မြင်လျက် ဆောင်နိုင်၊ ရှောင်နိုင်၊ ထောက်ပြ လျှောက်လဲ၊ အနိုင်ယူနိုင်၏။

အခါပေးပညာ၏သဘောချက်၊ မည်သည့်တာမြစ်ချက်သည် မည်သည့်အကြောင်းရင်းကြောင့် ဖြစ်သနည်း၊ မည်သည်ကိုဦးစားပေးရ မည်နည်းကိုမှန်ကန်စွာ နားလည်သော ပညာရှင်သည် လာရောက်အကူအညီတောင်းသူများအနက်မှ အကူအညီရထိုက်ရန် အတိတ်ကံ ကုသိုလ်ရှိသူတို့အား ကောင်းမြတ်သောအခါဖြင့် ပေးစွမ်းကူညီနိုင်ခြင်းဖြစ်မည်သေချာ၏။ ဤနေရာတွင် ရထိုက်သူဖြစ်သည်ကိုမူ သတိ ပြုပါလေ။

မူလက ဤကျမ်းကို တစ်တွဲတည်းနှင့် ပြီးစီးစေရန် ရည်ရွယ်ခဲ့သော်လည်း ကျမ်း၏ ခက်ခဲလေးနက်ခြင်း၊ စာဖောင်များလာခြင်းတို့ ကြောင့် ပထမတွဲ၊ ဒုတိယတွဲ (၂) တွဲ၌ တင်ဆက်ပေးလိုက်ရပါသည်။

တခန့် ရှေးမြန်မာရဟန်းပညာရှိ၊ လူပညာရှိတို့သည် ခေတ်အဆက်ဆက်တွင် နက္ခတ်ပညာ၊ ဆေးပညာ၊ အဂ္ဂိရတ်ပညာစသော ပညာရပ်တို့ကို နာဂရီဘာသာ၊ သက္ကတဘာသာ၊ ဘင်္ဂါလီဘာသာတို့မှ နေ၍မြန်မာဘာသာသို့ ပြန်ဆိုမြန်မာမှုပြုပေးခဲ့ကြရာတွင် ပညာ ရှိကြီးများ၏ထူးမြတ်လှသောပညာဂုဏ်နှင့် စာရေးပရိယာယ်ကောင်းမွန်မှုတို့ကြောင့် ယင်းတို့ကိုမြန်မာ့မူရင်းပညာရပ်များဟုပင်ကျွန်တော် တို့မြန်မာများ ထင်မှတ်လာခဲ့ကြပါသည်။ မြန်မာ့မူရင်းဟု ထင်ရှံ့ထင်မှတ်သည်က ကိစ္စမရှိပါ။ သို့သော် မလိမ္မာသူတို့က မိမိရထားသည်သာ မူရင်းထင်ပြီး အခြားခြားသော မူရင်းပညာနှင့် သယ်ဆောင်လာသူပညာရှင် အစွယ်အဆက်တို့ကိုပင် မုတ်ခေတ်နေကြောင်း မြင်တွေ့ ကြားသိရလျက်ရှိ၏။ ထို့ကြောင့် ဤစာအုပ်တွင် မူရင်းဝေါဟာရအချို့ကိုလည်း သက္ကတဘာသာဖြင့် ပါယှဉ်တွဲဖော်ပြပေးလိုက်ခြင်းဖြစ်ပါ၏။ ဤစာအုပ်တွင် -

အခါပေးပညာရပ်၏အတွင်းအနှစ်သာရစစ်စစ်ကို ဆရာစားမချန် ဖော်ပြထားသည်ကို စာဖတ်သူသည် သိမြင်နားလည်နိုင်လျှက် - အောင်မြင်အောင် အသုံးချနိုင်ကြပါစေဟု ကျွန်ုပ်အနေဖြင့် တောင်းဆုပြုပေးလိုက်ပါသတည်း။

မှူးဟန် (MOTAA)
ဘာသာပြန်ပြုစုသူ။